# ရွေးကောက်ပွဲနီးတာနဲ့အမျှ ခြေရှုပ်စပြုလာပြီ

ဗမာပြည်နိုင်ငံရေးသမိုင်းတလျှောက်မှာ သူများတွေတွေ့ရှိတဲ့၊ အထူးသဖြင့် အနောက်နိုင်ငံတွေကတွေ့ရှိတဲ့ သဘောတရားတွေကို ဗမာပြည်နိုင်ငံရေးထဲ အတင်းသွတ်သွင်းလာတာတွေ မကြာခဏတွေ့ရတတ်ပါတယ်။ ဒါကိုလုပ်သူတွေကတော့ အင်္ဂလိပ်စာဖတ်တတ်တဲ့၊ ပညာတတ်သူတွေပဲဖြစ်ပါတယ်။ ဒီလိုသွတ်သွင်းလာတဲ့အယူအဆတွေဟာ ကိုယ့်နိုင်ငံကလက်တွေ့အခြေအနေနဲ့ ကိုက်ညီတာလည်းရှိ၊ မကိုက်ညီတာလည်းရှိလို့ဆိုရမှာပါ။ တချို့များဆိုရင် တခေတ်က မန္တလေးကအငြိမ့်မင်းသမီးတွေ သီဆိုလေ့ရှိသလို "ဦးသူယူ"ဆိုသလိုမျိုးတောင်၊ သူ့ထက်ငါဦးလုပ်နေကြတာဖြစ်ပါတယ်။ ဒီလိုသွတ်သွင်းလာတာတွေအထဲက အခုနောက်ဆုံးသယ်ဆောင်လာကြတဲ့ အယူအဆတခုကတော့ ဖြစ်တည်မှုအကြပ်အတည်းဆိုတာပါပဲ။ ဒီလိုစကားလုံးကြီးကြီးနဲ့ တွယ်လိုက်တာနဲ့ တဆက်ထဲမှာ ဒီချုပ်ကိုတိုက်ခိုက်ချင်နေပြီး ဘာနဲ့တိုက်ခိုက်ရမှန်းမသိဖြစ်နေသူတွေ၊ အပြစ်ပုံချလိုသူတွေနဲ့ နအဖကိုမျက်နှာလုပ်လိုသူတွေ အများအပြားဟာ ဒီလေသံအတိုင်း နောက်ကလိုက်ပြောကြတာကိုလည်းတွေ့ရပါတယ်။

အဲဒီလိုနိုင်ငံခြားကနေ ကိုယ့်နိုင်ငံနဲ့ဆိုင်မှန်းမသိ၊ မဆိုင်မှန်းမသိဆွဲယူလာတဲ့ ဒီအသုံးအနှုန်းအယူအဆကို ခေါင်းပေါ်ကနေစွပ်ချပေးတာခံလိုက်ရသူကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပဲဖြစ်ပါတယ်။ ဒီချုပ်အနေနဲ့ ဘာမှပြန်ပြောခွင့်မရှိတဲ့အခြေအနေကို အခွင့်ကောင်းယူပြီး ဒီလိုတံဆိပ်တပ်ပေးလိုက်တာဖြစ်ပါတယ်။ သူတို့ဟာ ကိုယ့်အသက်ရှင်ရပ်တည်မှုအတွက်(အာဏာတည်မြဲရေးအတွက်) အမျိုးမျိုးကုတ်ကပ်၊ ညစ်ပတ်ရမ်းကားနေရတဲ့၊ အာဏာရနေပါလျက်နဲ့ အခုအချိန်အထိ ရွေးကောက်ပွဲဥပဒေ မကျေညာနိုင်သေးတဲ့ နအဖစစ်အစိုးရကိုကျတော့ ဖြစ်တည်မှုအကြပ်အတည်းဆိုက်နေတယ်လို့မပြောပဲ ဘာဖြစ်လို့နအဖရဲ့ဖိနှိပ်မှုမျိုးစုံကိုအနစ်နစ်ဆယ်ကျော်အလူးအလိမ့်ခံရင်း ရပ်တည်နေသူတွေကိုမှ ဒီလိုခြယ်မှုန်းပြတာလဲ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နအဖကချေမှုံးတော့မှာကို သူတို့ကသိနေလို့များလားရယ်လို့တောင်စဉ်းစားစရာဖြစ်နေပါတယ်။

တကယ်ကျတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အကြောင်းပဲပြောပြော၊ စစ်အစိုးရအကြောင်းပဲပြောပြော၊ ဟိုတုန်းကနဲ့အခုအခြေအနေတွေ မတူတော့တာကိုမထည့်သွင်း၊ မစဉ်းစားစားလို့မဖြစ်ပါဘူး။ ၁၉၈၈–၉၀ကာလနဲ့ဒီနေ့၊ မတူတာတွေအများကြီးရှိနေပါတယ်။ ၁၉၈၈–၉၀ကာလတုန်းက လူထုမှာရော ရှေ့တန်းကလှုပ်ရှားသူတွေမှာပါ တက်ကြွမှုအပြည့်ရှိနေကြပါတယ်။ သူတို့ရဲ့ခေါင်းထဲမှာလို့ပြောရမလား၊ ရင်ထဲမှာလို့ပြောရမလား၊ "ထိုးစစ်စိတ်ဓာတ်"နဲ့"အောင်ပွဲခံစိတ်ဓာတ်"တို့ မြဲမြဲမြံမြံကိန်းအောင်းနေပါတယ်။ အာဇာနည်တွေရဲ့မျက်နှာတွေလည်း မျက်စေ့ထဲကမထွက်သေးတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့် မိုးကိုတက်ပြီးဒူးနဲ့တိုက်ရဲတယ်ဆိုတဲ့ သတ္တိမျိုးတွေဖြိုးဝေနေတဲ့အချိန်လည်းဖြစ်ပါတယ်။ တဖက်မှာကြည့်လိုက် ပြန်တော့လည်း မဆလဟာအလဲထိုးခံသွားရပြီး နဝတဟာခံစစ်ရောက်နေတယ်ဆိုတာကိုလည်း အရှင်းသားမြင်တွေ့နေကြရပါတယ်။ ဗိုလ်စောမောင်ကိုတင်လိုက်တာကိုက အငှားဗိုက်နဲ့ဓားထိုးခံလေသလားလို့ တွေးတောနေကြတဲ့အချိန်ဖြစ်ပါတယ်။

အဲဒီအချိန်မှာ နဝတတက်လာပုံကိုပဲပြန်စဉ်းစားကြည့်ပါ။ နဝတဟာအလံတလူလူ၊ အောင်စည်အောင်မောင်းတွေတီးပြီး ထွက်လာတာမဟုတ်ပါဘူး။ "အာမခံချက်တွေ"(ကတိတွေ) အမျိုးမျိုးပြောပြီး ထွက်လာတာဖြစ်ပါတယ်။ ပါတီဝင်သန်းဂဏန်းရှိတယ်ဆိုတဲ့ မဆလပါတီကိုလည်းဖျက်သိမ်းပေးရ၊ လူဦးရေရဲ့၉၄%ကျော်က အတည်ပြုခဲ့ပါတယ်ဆိုတဲ့ ၁၉၇၄ခုနှစ် အခြေခံဥပဒေကိုလည်း ဖျက်သိမ်းပေးခဲ့ရပါတယ်။ ဒါ့အပြင် ဗိုလ်စောမောင်က ရွေးကောက်ပွဲပြီးတဲ့အခါမှာ စစ်တပ်ဟာ စစ်တန်းလျားကိုပြန်ပါမယ်လို့လည်း ကတိပေးနေရပါတယ်။ အခြေခံဥပဒေအသစ်ကို ကျုပ်တို့စစ်တပ်ကမရေးဘူး၊ တရားခံဖြစ်လိမ့်မယ်၊ ခင်ဗျားတို့ပဲရေးကြလို့ ပြောနေရတဲ့အနေအထားလည်းဖြစ်ပါတယ်။

အဲဒီလိုလူထုအရှိန်သိပ်မြင့်နေချိန်မှာ စစ်အုပ်စုကိုကပ်ဖားရပ်ဖားလုပ်လိုတဲ့ လူတွေလည်းခေါင်းမထောင်ရဲပါဘူး။ အဲဒီလိုအနေအထားမှာကြံ့ဖွတ်ဖွဲ့လို့မရပါဘူး။ နောက်ပြီး အခုပေါ်ပေါက်လှုပ်ရှားနေတဲ့ ပေါက်တတ်ကရအဖွဲ့အစည်းတွေလည်း ခေါင်းမပြူရဲပါဘူး။ အဲဒီတုန်းကသာ ဖြစ်တည်မှုအကြပ်အတည်းဆိုတာကိုအသံဟလိုက်ရင် နဝတအစိုးရဟာ ဒါငါတို့ကိုပြောတာပဲဆိုပြီးဆွဲစေ့လိုက်မှာသေချာပါတယ်။

ဒါပေမဲ့ အခု ၂၀၁၀ရွေးကောက်ပွဲလုပ်တော့မယ့်အချိန်မှာကျတော့ အနေအထားတွေဟာ အားလုံးလိုလိုပြောင်းပြန်ဖြစ်နေပါတယ်။ သူတို့စိတ်ကြိုက်ရေးပြီး မဲလိမ်မဲခိုးကာ လူထုကိုဓားမိုးအတည်ပြုခိုင်းထားတဲ့ အခြေခံဥပဒေကို သိဒ္ဓိတင်ပေးဖို့လုပ်မယ့်ရွေးကောက်ပွဲတရပ်အတွက် တာစူနေချိန်ဖြစ်ပါတယ်။ သူတို့အနေနဲ့လူထုကို"ငြိမ်ဝပ်ပိပြား"အောင်လည်းလုပ်ပြီးနေပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုလည်း အတောင်အလက်ချိုးပြီးထားပါပြီ။ အိုမင်းမစွမ်းဖြစ်နေတဲ့ခေါင်းပိုင်းပဲချန်ထားပြီး တက်တက်ကြွကြွလှုပ်ရှားသူတွေကို ခြေချုပ်၊ အကျယ်ချုပ်၊ ထောင်ချုပ်တွေနဲ့ ချုပ်ချယ်ထားပါတယ်။ (ဒီလိုအခက်အခဲတွေကြုံတွေ့နေတာကိုဖြစ်တည်မှုအကြပ်အတည်းဆိုက်နေတာလို့ ပြောလေသလားမသိပါ)။ မတရားသင်းကျေညာထားတဲ့အဖွဲ့တွေလည်းများသထက်များလာနေတာကိုအားလုံး သတိပြုမိကြမှာပါ။ ဒါသာမက ၁၉၈၈–၉၀တုန်းကတက်ကြွလှုပ်ရှားသူအများအပြားဟာ အခုအခါမှာပြည်ပကိုကြဲကွဲရောက်ရှိနေကြပါတယ်။ နောက်ပြီး တစည်းတလုံးထဲလည်းမရှိကြပါဘူး။

ဒီလိုအခြေအနေတွေအောက်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖြစ်တည်မှုအကြပ်အတည်းတွေ့နေတယ်လို့ ပြောနေတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီလိုအခက်အခဲကိုထောက်ပြ ရုံတင်မကပဲ အဲဒီကထွက်လမ်းအနေနဲ့ နအဖရဲ့ရွေးကောက်ပွဲကို ဝင်ဖို့လည်း နတ်လမ်းညွှန်လုပ်နေပါတယ်။ ဒါကိုမှ လက်တွေ့ကျတယ်လို့ဆိုသူကလည်းဆိုပါတယ်။ အမှန်ပြောရရင် ဒါဟာကျားလှောင်အိမ်ထဲကို ကျားစာအဖြစ်ခံဖို့ “ကိုယ့်ဆန္ဒအရ” အဝင်ခိုင်းနေတာပါ။ မြေခွေးအမြီးပြတ်က သေဖော်ညှိတာလို့လည်း ဆိုနိုင်ပါတယ်။

တကယ်က ၁၉၉၀ခုနှစ်ရွေးကောက်ပွဲလုပ်ပြီးခဲ့တာဟာ အနှစ်၂၀ရှိပါတော့မယ်။ မင်းမှာသစ္စာ၊ လူမှာကတိလို့အဆိုရှိပေမဲ့ အာဏာကိုလက်မလွှတ်လိုတဲ့ နအဖ ဗိုလ်ချုပ်တွေဟာ သစ္စာလည်းလုံးဝမရှိ၊ ကတိလည်းလုံးဝမတည်တာကို တွေ့ခဲ့ကြရပါပြီ။ သူတို့ဟာကလေးတွေကစားသလို “ရွှေတံခါးကြီးဖွင့်ပါအုန်း”ဆိုတာမျိုးနဲ့ လူထုကိုအမျိုးမျိုးလှည့်စားလို့သာနေတယ်။ ပြောရရင် သူတို့ဘာလုပ်နေတယ်ဆိုတာကို ပြည်တွင်းပြည်ပက လူတိုင်းသိပါတယ်။ အခုသူတို့ကိုထောက်ခံနေတဲ့၊ ဆန့်ကျင်လေသံမဟတ်တဲ့၊ ရွေးကောက်ပွဲဝင်ပြီးမိုးခါးရေသောက်ဖို့တိုက်တွန်းနေတဲ့ လူတွေတောင်သိပါတယ်။ စစ်အုပ်စုရဲ့သစ္စာဟာ ဘယ်လိုဟာမျိုးဖြစ်တယ် ဆိုတာ ဒီနိုင်ငံမှာကလေးတောင်မှသိပါတယ်။

မနိုင်ရင်အရှုံးပေးပြီးဝင်ရောလိုက်ဆိုတဲ့အယူအဆဟာ စံကျတဲ့အရှုံးပေးရေးအယူအဆတမျိုးဖြစ်ပါတယ်။ ဒါဟာအဆင့်နိမ့် သတ္တဝါတွေရဲ့ စဉ်းစားနည်းမျိုးသာဖြစ်ပါတယ်။ နိုင်မယ်ထင်ရင် မာန်ဖီပြ၊ ရှုံးမယ်ထင်ရင် သွားဖြီးပြပြီး အမြီးကုတ်သွားတာဟာ သူတို့ရဲ့အလေ့အကျင့်ပါ။ ရှစ်လေးလုံးအရေးတော်ပုံ အရှိန်မြင့်နေတုန်းက တက်ကြွ၊ လက်သီးလက်မောင်းတန်းခဲ့ပြီး၊ အခု နအဖက ပွဲကြမ်းနေတဲ့အခါမှာကျတော့ ရွှေပြည်အေးတရားတွေဟောနေသူတွေကို “အမြင်မှန်ရသူတွေ”လို့ခေါ်နိုင်ပါသလား။ နအဖကို ဆက်လက်ဆန့်ကျင်နေတာဟာ “လက်တွေ့မကျဘူး”လို့ဆိုသူတွေကို လက်တွေ့ကသင်ခန်းစာပေးပါလိမ့်မယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တချို့လူတွေလို ရွေးကောက်ပွဲမှာသူဌေးဖြစ်ခွေးဖြစ်ဝင်အောလို့မဖြစ်ပါဘူး။ ၁၉၉၀ခုနှစ် တုန်းက ဦးနုဟာစစ်တပ်ဟာသူ့ဆီကအာဏာလုသွားတယ်လို့ ပြောစရာရှိပေမဲ့ ရွေးကောက်ပွဲမှာဒီငြိမ်းအဖွဲ့ဝင်လိုက်တော့ အရှက်ကွဲသွားရတဲ့သင်ခန်းစာရှိပါတယ်။ လူတွေ၊ အဖွဲ့အစည်းတွေ၊ အထူးသဖြင့်နိုင်ငံရေးအဖွဲ့အစည်းတွေမှာ နောက်ကြောင်း သမိုင်း ရှိကြတဲ့အလျောက် သမိုင်းကပေးထားတဲ့တာဝန်တွေ၊ လုပ်ငန်းတွေကိုထမ်းဆောင်ရပါသေးတယ်။ ဒီလိုဆိုတဲ့အတွက် အခြေ အနေသစ်တွေကပြဌာန်းတဲ့ လုပ်ငန်းတွေကိုမလုပ်ရဘူးလို့မဆိုလိုပါဘူး။ အဲဒီနှစ်ရပ်စလုံးကိုပေါင်းစပ်ရမှာဖြစ်ပါတယ်။ သမိုင်းရှည် ကြာလေ၊ ထောက်ထားရတာများလေလို့ဆိုရင် မမှားပါဘူး။

မှန်ပါတယ်။ သူတို့မှာအခက်အခဲကြီးပါတယ်။ အခုအခါမှာ သူတို့ရဲ့အခက်အခဲဟာ လူထုရဲ့အခက်အခဲလို့လည်း ပြောနိုင် ပါတယ်။ ဒီလိုအချိန်မှာ ဒီချုပ်အခက် ငါတို့အချက်ဆိုပြီး ၂၀၁၀ရွေးကောက်ပွဲဝင်ဖို့တက်ကြွနေသူတွေ မိုးကျလို့မှိုထွက်သလို ပေါ်ထွက်နေပါတယ်။ နအဖထားရာမှာ ထားသလိုနေမယ်လို့ ဆုံးဖြတ်ထားသူတွေအတွက်တော့ လတ်တလောအားဖြင့် ဖြစ်တည်မှု အခက်အခဲမရှိသေးတာ သေချာပါတယ်။

**ရဲဘော်ဖိုးသံချောင်း**